ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်း၊ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့

# ၂၀၂၀ ပြည့်နှစ် ဇူလိုင်လအတွက်
# မြန်မာနိုင်ငံ၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း
# အခြေအနေ

**Monthly**

# INFLATION REPORT

Sept, 2020

အကြောင်းအရာ။ **၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လအတွက် တစ်နိုင်ငံလုံး၏ ငွေကြေးဖောင်းပွမှုနှုန်း အခြေအနေကို အစီရင်ခံတင်ပြခြင်း**

၁။ **စားသုံးသူဈေးဆနှုန်း၏ လအလိုက်ပြောင်းလဲမှုအခြေအနေမှာ** ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် တွက်ချက်ထားသော **၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ**အတွက် တစ်နိုင်ငံလုံး၏ အစားအစာအုပ်စုအတွက် စားသုံးသူဈေးဆနှုန်းမှာ **၁၇၃.၅၇** ဖြစ်ပြီး အစားအစာမဟုတ်သောအုပ်စုအတွက် စားသုံးသူဈေးဆနှုန်းမှာ **၁၄၃.၆၆** ရှိပါသည်။ **၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ**၏ **အုပ်စုအားလုံးအတွက်** စားသုံးသူဈေးဆနှုန်းမှာ **၁၆၁.၁၄** ဖြစ်ပြီး **ယခင်လ၏** စားသုံးသူဈေးဆနှုန်း **၁၆၀.၉၈** နှင့် နှိုင်းယှဉ်ပါက **၀.၁၀%** မြင့်တက်လာပါသည်။ **Core Inflation** တွက်ချက်ရန် ဈေးနှုန်းတည်ငြိမ်မှုမရှိသည့် အစားအစာအုပ်စုနှင့် လောင်စာဆီဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက်ထားသော **၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ၏ စားသုံးသူဈေးဆနှုန်း (Core CPI) မှာ ၁၄၅.၀၁** ဖြစ်ရာ **ယခင်လ၏ Core CPI** ဖြစ်သည့် **၁၄၄.၉၀** နှင့်နှိုင်းယှဉ်ပါက အနည်းငယ် မြင့်တက်လာပါသည်။

၂။ **စားသုံးသူဈေးဆနှုန်း၏ နှစ်အလိုက်ပြောင်းလဲမှုအခြေအနေကို လေ့လာပါက ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ**၏ စားသုံးသူဈေးဆနှုန်းမှာ **၁၆၁.၁၄** ဖြစ်သဖြင့် **ယခင်နှစ် အလားတူလ၏** အခြေအနေ **၁၅၈.၄၄** နှင့်နှိုင်းယှဉ်ပါက **၁.၇၀%** မြင့်တက်လာပါသည်။ **၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ၏ Core CPI မှာ ၁၄၅.၀၁ ဖြစ်ရာ ယခင်နှစ် အလားတူလ၏ Core CPI** အခြေအနေ **၁၃၇.၅၆** နှင့် နှိုင်းယှဉ်ပါက **၅.၄၂%** မြင့်တက်ခဲ့ပါသည်။

၃။ **၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လတွင် အစားအစာအုပ်စု (Food)** ၏ ဈေးဆနှုန်းမှာ **၁၇၃.၅၇** ဖြစ်သဖြင့် ယခင်လအခြေအနေ **၁၇၃.၅၂** နှင့်နှိုင်းယှဉ်ပါက **အနည်းငယ်** မြင့်တက်လာပါသည်။ နှမ်းဆီ၊ စားအုန်းဆီ၊ ကြက်သား၊ ဝက်သား၊ ဘဲဥနှင့် ငါးမြစ်ချင်းဈေးနှုန်းများ အနည်းငယ် ကျဆင်းလာသော်လည်း ဆန်(ဧည့်မထ)၊ အမဲသား၊ ငါးခူ၊ ငါးရံ့၊ ကြက်ဥ၊ ပုစွန်ခြောက်နှင့် ငါးရံ့ခြောက် ဈေးနှုန်းများ အသီးသီး မြင့်တက်လာပါသည်။ စားဖိုဆောင်သုံးသီးနှံများဖြစ်သော ကုလားပဲခြမ်း၊ အာလူး၊ ကြက်သွန်ဖြူနှင့် ကြက်သွန်နီဈေးနှုန်းတို့မှာ အသီးသီးကျဆင်းလာပါသည်။ သို့သော် ရာသီပေါ်သီးနှံဖြစ်သော ဂေါ်ဖီထုပ်နှင့် ခရမ်းချဉ်သီးဈေးနှုန်းမှာမူ သိသိသာသာ မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

၄။ **၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လတွင် အစားအစာမဟုတ်သောအုပ်စု (Non Food)** ၏ ဈေးဆနှုန်းမှာ **၁၄၃.၆၆** ဖြစ်သဖြင့် ယခင်လအခြေအနေ **၁၄၃.၃၄** နှင့်နှိုင်းယှဉ်ပါက **၀.၂၂%** မြင့်တက်လာပါသည်။ ယင်းအုပ်စုအတွင်းရှိ ရွှေဈေးနှုန်း၊ ဓာတ်ဆီနှင့် ဒီဇယ်ဆီဈေးနှုန်းများမှာ ယခင်လကထက် မြင့်တက်လာပါသည်။

၅။ **၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လအတွင်း** မြန်မာကျပ်ငွေနှင့် အမေရိကန်ဒေါ်လာငွေ လဲလှယ်နှုန်းများမှာ ယခင်လကထက် (၂၄) ကျပ်ခန့် ကျဆင်းလျက်ရှိပြီး လွန်ခဲ့သောနှစ် အလားတူကာလထက် (၁၃၂) ကျပ်ခန့်ကျဆင်းနေပါသည်။ သို့သော် ပြည်ပမှတင်သွင်းသည့် လောင်စာဆီဈေးနှုန်းများမှာ ယခင်လကထက် အနည်းငယ်မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။


၆။ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လအတွင်း အခြေခံစားသောက်ကုန်များတွင် ဟင်းသီးဟင်းရွက်နှင့် အသီးအနှံများဖြစ်သော ကန်စွန်းရွက်၊ ချဉ်ပေါင်ရွက်နှင့် ပဲတောင့်ရှည်သီးဈေးနှုန်းများ ကျဆင်းလာပါသည်။ အလားတူ စားဖိုဆောင်သီးနှံဖြစ်သော ကြက်သွန်ဖြူနှင့် ကြက်သွန်နီဈေးနှုန်းများမှာ သိသိသာသာ ကျဆင်းလာသကဲ့သို့ ကုလားပဲနှင့် အာလူးဈေးနှုန်းများမှာ အနည်းငယ်ကျဆင်းလာပါသည်။ သို့သော် ရာသီပေါ်သီးနှံဖြစ်သော ဂေါ်ဖီထုပ်နှင့် ခရမ်းချဉ်သီးဈေးနှုန်းမှာမူ သိသိသာသာ မြင့်တက်လာပြီး ဆန်ဈေးနှုန်းနှင့် အမဲသား၊ အချို့ငါးဈေးနှုန်းများ၊ ရွှေဈေးနှုန်းနှင့် လောင်စာဆီဈေးနှုန်းများ မြင့်တက်လာခြင်းကြောင့် စားသုံးသူဈေးဆနှုန်းမှာ ယခင်လကထက် အနည်းငယ် မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။


၇။ **၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လအထိ ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (Annual Rate of Inflation) မှာ ၇.၁၄%** ဖြစ်ပြီး အစားအစာအုပ်စုနှင့် လောင်စာဆီဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက်ထားသော **ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (Annual Rate of Inflation – Core Inflation) မှာ ၁၂.၆၈%** ရှိပါသည်။ **နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း (Year on Year Inflation)** မှာ ၁.၇၀% ဖြစ်ပြီး အစားအစာအုပ်စုနှင့် လောင်စာဆီဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက်ထားသော **နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း (Year on Year Inflation – Core Inflation)** မှာ **၅.၄၂%** ရှိပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။


(ဆန်းမြင့်)


ညွှန်ကြားရေးမှူးချုပ်

# တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆန်းနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း ပုံပြကားချပ်



## တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆန္နန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းအခြေအနေတင်ပြချက်

## (၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ)


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **အပိုင်း(က)** | |
| **၂၀၂၀ ပြည့်နှစ်၊ ဇွန်လ နှင့် ဇူလိုင်လ စားသုံးသူဈေးဆန္နန်းနှိုင်းယှဉ်ချက်** | |
| စုစုပေါင်းစားသုံးသူဈေးဆန္နန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁ |
| အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း | ၁ |
| **အပိုင်း(ခ)** | |
| **၂၀၁၉ ခုနှစ်၊ ဇူလိုင်လ နှင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ စားသုံးသူဈေးဆန္နန်းနှိုင်းယှဉ်ချက်** | |
| စုစုပေါင်းစားသုံးသူဈေးဆန္နန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၄ |
| အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း | ၄ |
| **အပိုင်း(ဂ)** | |
| **စားသုံးသူဈေးဆန္နန်းနှင့်ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း** | |
| ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆန္နန်းအခြေအနေတင်ပြခြင်း | ၈ |
| ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း | ၈ |
| သုံးသပ်တင်ပြချက် | ၁၀ |
| တစ်နိုင်ငံလုံး၏အုပ်စုအလိုက်စားသုံးသူဈေးဆန္နန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၁) | ၁၃ |
| တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆန္နန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၂) | ၁၄ |
| အဓိကကျသောကုန်ပစ္စည်းများ၏လက်လီဈေးနှုန်းပြောင်းလဲမှုများ (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၃) | ၁၅ |
| တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆန္နန်းပုံပြကားချပ် (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၄) | ၁၆ |
| တစ်နိုင်ငံလုံး၏ငွေကြေးဖောင်းပွမှုနှုန်းပုံပြကားချပ် (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၅) | ၁၇ |

## တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်းစိစစ်ချက်

## အပိုင်း(က)

**၂၀၂၀ ပြည့်နှစ်၊ ဇွန်လနှင့် ဇူလိုင်လ စားသုံးသူဈေးဆနှုန်းနှိုင်းယှဉ်ချက်**

**စုစုပေါင်းစားသုံးသူဈေးဆနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)**

၁။ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လအတွက် စားသုံးသူဈေးဆနှုန်းမှာ ၁၆၁.၁၄ ဖြစ်ရာ ယခင်လ အခြေအနေ ၁၆၀.၉၈ နှင့် နှိုင်းယှဉ်ပါက ၀.၁၀% မြင့်တက်လာပါသည်။ အစားအစာအုပ်စု အဝတ်အထည်အုပ်စု၊ အိမ်လခနှင့် အိမ်ပြင်ခအုပ်စု၊ အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင် ထိန်းသိမ်းစရိတ်အုပ်စုနှင့် ကျန်းမာရေးအုပ်စု၊ သယ်ယူပို့ဆောင်ရေးအုပ်စုနှင့် အပန်းဖြေခြင်းနှင့် ယဉ်ကျေးမှုအုပ်စုတို့မှာ အနည်းငယ် မြင့်တက်လာသော်လည်း အထွေထွေကုန်ပစ္စည်းအုပ်စုမှာ သိသာစွာမြင့်တက်လာပါသည်။ သို့သော် ပညာရေးအုပ်စုမှာ ပြောင်းလဲမှုမရှိဘဲ တည်ငြိမ်နေပြီး ဆေးလိပ်နှင့် အဖျော်ယမကာအုပ်စု၊ ဆက်သွယ်ရေးအုပ်စုနှင့် ပြင်ပအစားအသောက်အုပ်စုတို့မှာ ယခင်လကထက် ကျဆင်းနေပါသည်။

**အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း**

၂။ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံးအတွက် စားသုံးသူဈေးဆ နှုန်းများကို ဇယား (၁) ဖြင့် အုပ်စုအလိုက် ဖော်ပြထားပြီး အောက်ပါအတိုင်း သုံးသပ်တင်ပြအပ် ပါသည်-

(က) **အစားအစာအုပ်စု၏** ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၌ ၁၇၃.၅၇ ရှိ၍ ယခင်လအခြေအနေ ၁၇၃.၅၂ နှင့် နှိုင်းယှဉ်ပါက အနည်းငယ် မြင့်တက်နေပါသည်။ ယခုလတွင် ဆန်(ညွှန့်မထ) ၀.၂၃%၊ အမဲသား ၀.၂၄%၊ ကြက်ဥ ၀.၁၈%၊ ငါးခူ ၄.၁၀%၊ ငါးရံ့ ၂.၉၀%၊ ပုစွန်ခြောက် ၀.၄၆% နှင့် ငါးရံ့ခြောက် ၀.၃၅% ဖြင့် အသီးသီး မြင့်တက်လာပါသည်။ သို့သော် နှမ်းဆီ ၀.၃၉%၊ စားအုန်းဆီ ၀.၅၃%၊ ကြက်သား ၂.၄၈%၊ ဝက်သား ၁.၉၂%၊ ဘဲဥ ၀.၈၁% နှင့် ငါးမြစ်ချင်း ၁.၂၈% ကျဆင်းလာပြီး စားဖိုဆောင်သုံးပစ္စည်းများဖြစ်သော ကုလားပဲခြမ်း ၀.၃၂%၊ အာလူး ၀.၇၄%၊ ကြက်သွန်ဖြူ ၈.၄၁% နှင့် ကြက်သွန်နီဈေးနှုန်းတို့မှာ ၈.၈၄% ဖြင့် အသီးသီးကျဆင်းလာပါသည်။ သို့သော် ရာသီပေါ်သီးနှံဖြစ်သော ခရမ်းချဉ်သီး ဈေးနှုန်းမှာမူ ၂၂.၇၈% ဖြင့် သိသိသာသာ မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

(ခ) ဆေးလိပ်နှင့်အဖျော်ယမကာအုပ်စု၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ၌ ၁၅၇.၁၃ ရှိ၍ ယခင်လအခြေအနေ ၁၅၉.၈၄ နှင့်နှိုင်းယှဉ်ပါက ၁.၆၉% ကျဆင်းလာပါသည်။ ဤအုပ်စုအတွင်း၌ပါဝင်သော ဘီယာ(ပြည်တွင်း/ပြည်ပ)၊ ကွမ်းရွက်၊ ကွမ်းသီး (လုံး/ခြမ်း) ဈေးနှုန်းများ ကျဆင်းလာသောကြောင့် ဖြစ်ပါသည်။

(ဂ) **အဝတ်အထည်အုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ၌ ၁၃၀.၃၀ ရှိ၍ ယခင်လအခြေအနေ ၁၃၀.၁၅ နှင့်နှိုင်းယှဉ်ပါက ၀.၁၂% မြင့်တက်လာပါသည်။ ဤအုပ်စုအတွင်း၌ပါဝင်သော ဂျာကင်၊ ရှပ်အင်္ကျီ၊ တီရှပ်၊ စပို့ရှပ်၊ ပုဆိုး၊ ဘောင်းဘီ (တို/ရှည်)၊ ဘလောက်အင်္ကျီ၊ မိုးကာအင်္ကျီ၊ အင်္ကျီချုပ်ခ(အမျိုးသမီး)နှင့် သားရေဖိနပ်ဈေးနှုန်းများ မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

(ဃ) အိမ်လခနှင့်အိမ်ပြင်ခအုပ်စု၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ၌ ၂၀၀.၇၆ ရှိ၍ ယခင်လအခြေအနေ ၂၀၀.၀၈ နှင့်နှိုင်းယှဉ်ပါက ၀.၃၄% မြင့်တက်လာပါသည်။ ဤအုပ်စုတွင်ပါဝင်သည့် ခနီ/သက်ကယ်၊ ဝါး၊ သစ်မာ၊ အိမ်ပြင်ခ (အလုပ်သမားခ)၊ မီးသွေးနှင့် ဒီဇယ်ဆီဈေးနှုန်းများ မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

(င) **အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ၌ ၁၃၄.၂၆ ရှိ၍ ယခင်လအခြေအနေ ၁၃၃.၇၄ နှင့် နှိုင်းယှဉ်ပါက ၀.၄၀% မြင့်တက်လာပါသည်။ ဤအုပ်စုတွင်ပါဝင်သည့် သင်ဖြူးဖျာ၊ မျက်နှာသုတ်ပုဝါ၊ ခြင်ထောင်၊ မီးချောင်း၊ ဓာတ်မီးနှင့် ဆပ်ပြာမှုန့်ဈေးနှုန်းများ မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

(စ) ကျန်းမာရေးအုပ်စု၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ၌ ၁၆၂.၄၃ ရှိ၍ ယခင်လအခြေအနေ ၁၆၂.၂၃ နှင့်နှိုင်းယှဉ်ပါက ၀.၁၃% မြင့်တက်လာပါသည်။ ဤအုပ်စုတွင်ပါဝင်သည့် တိုင်းရင်းဆေး၊ ဗီတာမင်နှင့် အထူးကုစမ်းသပ်ခဈေးနှုန်းများ မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

(ဆ) **သယ်ယူပို့ဆောင်ရေးအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ၌ ၁၀၇.၉၀ ရှိ၍ ယခင်လအခြေအနေ ၁၀၇.၄၅ နှင့်နှိုင်းယှဉ်ပါက ၀.၄၂% မြင့်တက်လျက်ရှိပါသည်။ ယင်းအုပ်စုတွင်ပါဝင်သော ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ဘတ်စ်ကားခ (ပြည်တွင်း) နှင့် အငှားကားခ(ပြည်တွင်း)ဈေးနှုန်းများ မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

(ဇ) **ဆက်သွယ်ရေးအုပ်စု၏စျေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ၌ ၁၀၁.၂၅ ရှိ၍ ယခင်လအခြေအနေ ၁၀၁.၂၆ နှင့်နှိုင်းယှဉ်ပါက ရာခိုင်နှုန်း အနည်းငယ် ကျဆင်းလျက် ရှိပါသည်။ ယင်းအုပ်စုတွင် ပါဝင်သော မိုဘိုင်းဖုန်းစျေးနှုန်းများ ကျဆင်းလာသောကြောင့် ဖြစ်ပါသည်။

(ဈ) **အပန်းဖြေခြင်းနှင့် ယဉ်ကျေးမှုအုပ်စု၏စျေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ၌ ၁၂၃.၈၇ ရှိ၍ ယခင်လအခြေအနေ ၁၂၃.၆၀ နှင့်နှိုင်းယှဉ်ပါက ၀.၂၁% မြင့်တက်လျက်ရှိပါသည်။ ယင်းအုပ်စုတွင်ပါဝင်သော ဂျာနယ်နှင့် ဗလာစာအုပ်စျေးနှုန်းများ မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

(ည) **ပညာရေးအုပ်စု၏စျေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ၌ ၁၄၀.၀၄ ရှိ၍ ယခင်လအခြေအနေနှင့်နှိုင်းယှဉ်ပါက အထက်တန်းကျောင်းအချို့မှလွဲ၍ စာသင်ကျောင်းများ ပိတ်ထားသောကာလ ဖြစ်သောကြောင့် စျေးနှုန်းပြောင်းလဲမှုမရှိဘဲ တည်ငြိမ်နေသည်ကို တွေ့ရှိရပါသည်။

(ဋ) **ပြင်ပအစားအသောက်အုပ်စု၏ စျေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ၌ ၁၃၉.၃၀ ရှိ၍ ယခင်လအခြေအနေ ၁၃၉.၆၂ နှင့်နှိုင်းယှဉ်ပါက ၀.၂၃% ကျဆင်းခဲ့ပါသည်။ ဤအုပ်စုအတွင်းပါဝင်သော ကွမ်းယာစျေးနှုန်း ကျဆင်းလာသောကြောင့် ဖြစ်ပါသည်။

(ဌ) **အထွေထွေကုန်ပစ္စည်းအုပ်စု၏ စျေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ၌ ၁၅၂.၀၂ ရှိ၍ ယခင်လအခြေအနေ ၁၄၉.၈၇ နှင့်နှိုင်းယှဉ်ပါက ၁.၄၄% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင်ပါဝင်သော ဆံပင်ညှပ်ခ၊ ကိုယ်တိုက်ဆပ်ပြာ၊ သနပ်ခါး၊ သွားတိုက်ဆေး၊ သွားတိုက်တံ၊ ခေါင်းလျှော်ရည်၊ မိတ်ကပ်၊ နာရီ၊ ထီးနှင့် ရွှေစျေးနှုန်းများ မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

(ဍ) **အစားအစာမဟုတ်သောအုပ်စု၏စျေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ၌ ၁၄၃.၆၆ ရှိ၍ ယခင်လအခြေအနေ ၁၄၃.၃၄ နှင့်နှိုင်းယှဉ်ပါက ၀.၂၂% မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။

## အပိုင်း(ခ)

**၂၀၁၉ ခုနှစ်၊ ဇူလိုင်လနှင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ စားသုံးသူဈေးဆန္နန်းနှိုင်းယှဉ်ချက်**

**စုစုပေါင်းစားသုံးသူဈေးဆန္နန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)**

၁။ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လအတွက် စားသုံးသူဈေးဆန္နန်းမှာ ၁၆၁.၁၄ ဖြစ်ရာ ယခင်နှစ် အလားတူလ၏ စားသုံးသူဈေးဆန္နန်း ၁၅၈.၄၄ နှင့် နှိုင်းယှဉ်ပါက ၁.၇၀% မြင့်တက်လာပါသည်။ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးအုပ်စု၏ဈေးဆန္နန်းမှာ ကျဆင်းလာသော်လည်း ကျန်အုပ်စုများ၏ ဈေးဆန္နန်းများမှာ ယခင်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက သိသိသာသာ မြင့်တက်လာခဲ့ပါသည်။

**အုပ်စုအလိုက် အသေးစိတ်စိစစ်ခြင်း**

၂။ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံးအတွက် စားသုံးသူဈေးဆန္နန်းများကို အုပ်စုအလိုက် အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည် –

(က) **အစားအစာအုပ်စု**၏ ဈေးဆန္နန်းမှာ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ၌ ၁၇၃.၅၇ ရှိ၍ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လအခြေအနေ ၁၇၁.၇၃ နှင့်နှိုင်းယှဉ်ပါက ၁.၀၇% မြင့်တက်လာပါသည်။ ဆန်(ဧည့်မထ) ၁.၀၀%၊ မြေပဲဆီ ၄.၁၆%၊ နှမ်းဆီ ၂.၄၈%၊ စားအုန်းဆီ ၂.၀၈%၊ ကြက်သား ၀.၁၉%၊ ဝက်သား ၈.၅၉%၊ အမဲသား ၅.၉၅%၊ ငါးခူ ၆.၀၉%၊ ငါးရံ့ ၇.၀၇%၊ ငါးမြစ်ချင်း ၂.၉၁%၊ ပုစွန်ခြောက် ၄.၉၁%၊ ငါးရံ့ ခြောက် ၆.၂၄% နှင့် ရေကျိုငါးပိ ၄.၀၈% ဖြင့်အသီးသီး မြင့်တက်လာခဲ့ပါသည်။ သို့သော် ဘဲဥ ၁၂.၂၁%၊ ကြက်ဥ ၁၇.၉၉%၊ ခရမ်းချဉ်သီး ၂၃.၇၁%၊ ကုလားပဲခြမ်း ၃.၁၁%၊ အာလူး ၆.၀၅%၊ ကြက်သွန်ဖြူ ၉.၂၈% နှင့် ကြက်သွန်နီ ၂၆.၅၃% ဖြင့် အသီးသီးကျဆင်းလာပါသည်။

(ခ) **ဆေးလိပ်နှင့် အဖျော်ယမကာအုပ်စု**၏ ဈေးဆန္နန်းမှာ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ၌ ၁၅၇.၁၃ ရှိ၍ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ အခြေအနေ ၁၅၀.၉၀ နှင့်နှိုင်းယှဉ်ပါက ၄.၁၃% မြင့်တက်နေပါသည်။ ဤအုပ်စုတွင်ပါဝင်သော အရက်(ပြည်တွင်း/ပြည်ပ)၊ ဘီယာ (ပြည်ပ)၊ ကွမ်းရွက်၊ ကွမ်းသီးခြမ်း၊ စီးကရက် (ပြည်တွင်း/ ပြည်ပ)၊ ဆေးပေါ့လိပ်နှင့် ဆေးပြင်းလိပ်ဈေးနှုန်းများမှာ ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက သိသိသာသာ မြင့်တက်လာခဲ့ပါသည်။

(ဂ) **အဝတ်အထည်အုပ်စု**၏ ဈေးဆန္ဒန်းမှာ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ၌ ၁၃၀.၃၀ ရှိ၍ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လအခြေအနေ ၁၂၆.၆၇ နှင့်နှိုင်းယှဉ်ပါက ၂.၈၇% မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ ဤအုပ်စုတွင်ပါဝင်သော အမျိုးသမီးဝတ်လုံချည်၊ ဂျာကင်၊ ရှပ်အင်္ကျီ၊ တီရှပ်၊ စပို့ရှပ်၊ စွပ်ကျယ်၊ အမျိုးသားဝတ်လုံချည်၊ ဘောင်းဘီ (အရှည်/အတို)၊ ဆွယ်တာ၊ အမျိုးသမီးဝတ်အင်္ကျီ၊ ဘလောက်စ်အင်္ကျီ၊ ခြေအိတ်၊ မိုးကာအင်္ကျီနှင့် စက်ချုပ်ခ (အမျိုးသမီး) နှင့် ဖိနပ်(သားရေ/ရော်ဘာ) ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်ခဲ့ပါသည်။

(ဃ) **အိမ်လခနှင့်အိမ်ပြင်ခအုပ်စု**၏ ဈေးဆန္ဒန်းမှာ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ၌ ၂၀၀.၇၆ ရှိ၍ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လအခြေအနေ ၁၉၃.၁၁ နှင့်နှိုင်းယှဉ်ပါက ၃.၉၆% ဖြင့် သိသာစွာ မြင့်တက်လာပါသည်။ ဤအုပ်စုတွင်ပါဝင်သော အိမ်ငှားခ၊ ဝါး၊ ကျွန်းသစ်၊ သစ်မာ၊ သွပ်၊ သံမဏိချောင်း၊ ဘိလပ်မြေ၊ အုတ်၊ အိမ်ပြင်အလုပ်သမားခ၊ ရေဖိုး၊ ဂတ်စ်ခဲတင်ငွေ၊ ထင်းနှင့် မီးသွေးဈေးနှုန်းများမှာ ယခင်နှစ်ကထက် သိသာစွာမြင့်တက်၍ ဖြစ်ပါသည်။

(င) **အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု**၏ ဈေးဆန္ဒန်းမှာ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ၌ ၁၃၄.၂၆ ရှိ၍ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ အခြေအနေ ၁၂၈.၄၀ နှင့်နှိုင်းယှဉ်ပါက ၄.၅၇% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင်ပါဝင်သော ပရိဘောဂပစ္စည်းဈေးနှုန်းများ၊ အိမ်အသုံးအဆောင်ပစ္စည်းများဖြစ်သည့် သင်ဖြူးဖျာ၊ မျက်နှာသုတ်ပုဝါ၊ ခြင်ထောင်၊ စောင်၊ ရေခဲသေတ္တာ၊ ဘက်ထရီ၊ မီးချောင်း၊ ခဲတံမီး၊ ဆပ်ပြာမှုန့်နှင့် အိမ်အကူအလုပ်သမားခဈေးနှုန်းများမှာ ယခင်နှစ်ကထက်သိသာစွာမြင့်တက်ခဲ့၍ ဖြစ်ပါသည်။

(စ) **ကျန်းမာရေးအုပ်စု**၏ ဈေးဆန္ဒန်းမှာ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ၌ ၁၆၂.၄၃ ရှိ၍ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လအခြေအနေ ၁၅၃.၄၈ နှင့်နှိုင်းယှဉ်ပါက ၅.၈၄% မြင့်တက်လျက်ရှိပါသည်။ ဤအုပ်စုတွင်ပါဝင်သော တိုင်းရင်းဆေး၊ ဗီတာမင်၊ ဆေးကုသစရိတ် (အထွေထွေ/အထူးကု)၊ ဆေးဈေးနှုန်းနှင့် ဆေးရုံစရိတ်ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်နေကြောင်း တွေ့ရှိရပါသည်။

(ဆ) **သယ်ယူပို့ဆောင်ရေးအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ၌ ၁၀၇.၉၀ ရှိ၍ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လအခြေအနေ ၁၁၃.၆၆ နှင့်နှိုင်းယှဉ်ပါက ၅.၀၇% ကျဆင်းလာပါသည်။ ယင်းအုပ်စုဈေးဆနှုန်းတွင်ပါဝင်သော ပြည်ပမှ တင်သွင်းသည့် ဒီဇယ်ဆီဈေးနှုန်းများမှာ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လတွင် ဒီဇယ်တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၇၈.၀၆ ရှိရာမှ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လတွင် အမေရိကန် ဒေါ်လာ ၄၉.၅၄ သို့ သိသိသာသာကျဆင်းလာပြီး ပြည်တွင်းဒီဇယ်ဆီဈေးနှုန်းမှာလည်း ၂၀၁၉ ခုနှစ်၊ ဇူလိုင်လတွင် တစ်ဂါလန်လျှင် ၄၃၆၃.၉၁ ကျပ်ရှိရာမှ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လတွင် ၂၇၄၆.၃၇ ကျပ်သို့ ကျဆင်းလာပါသည်။ အလားတူ ပြည်ပမှ တင်သွင်းသည့် ဓာတ်ဆီဈေးနှုန်းမှာ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လတွင် ဓာတ်ဆီတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၇၀.၈၀ ရှိရာမှ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လတွင် အမေရိကန်ဒေါ်လာ ၄၄.၅၄ သို့ သိသိသာသာကျဆင်းလာပြီး ပြည်တွင်းဓာတ်ဆီ ဈေးနှုန်းမှာလည်း ၂၀၁၉ ခုနှစ်၊ ဇူလိုင်လတွင် တစ်ဂါလန်လျှင် ၄၀၂၆.၃၃ ကျပ် ရှိရာမှ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လတွင် ၂၆၀၇.၀၁ ကျပ်သို့ ကျဆင်းလာပါသည်။ သို့ရာတွင် မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းစရိတ်၊ မော်တော်ကား၊ ဘတ်စ်ကားခ (မြို့တွင်း/ ခရီးဝေး)နှင့် အငှားယာဉ်ခ(မြို့တွင်း)ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာခဲ့ပါသည်။

(ဇ) **ဆက်သွယ်ရေးအုပ်စု**၏ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ၌ ၁၀၁.၂၅ ရှိ၍ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လအခြေအနေ ၁၀၁.၅၃ နှင့်နှိုင်းယှဉ်ပါက ၀.၂၇% ကျဆင်းလာပါသည်။ ဤအုပ်စုတွင်ပါဝင်သော မိုဘိုင်းလ်ဖုန်းဈေးနှုန်းများမှာ Model အသစ်များဝင်ရောက်မှုများရှိနေပြီး Model အဟောင်းများ၏ ဈေးနှုန်းများမှာ ကျဆင်းလာသောကြောင့် ယခင်နှစ်ကထက် ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

(ဈ) **အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှုအုပ်စု**၏ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ၌ ၁၂၃.၈၇ ရှိ၍ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လအခြေအနေ ၁၂၁.၅၃ နှင့် နှိုင်းယှဉ်ပါက ၁.၉၂% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင်ပါဝင်သော ကွန်ပျူတာ၊ စီဒီတိပ်ခွေ၊ သတင်းစာ၊ ဂျာနယ်၊ ဗလာစာအုပ်၊ စာရေးစက္ကူ၊ ဘောပင်နှင့် ကွန်ပါဘူးဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

(ည) **ပညာရေးအုပ်စု**၏ ဈေးဆန္ဒန်းမှာ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ၌ ၁၄၀.၀၄ ရှိ၍ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လအခြေအနေ ၁၃၈.၃၇ နှင့်နှိုင်းယှဉ်ပါက ၁.၂၁% မြင့်တက်နေသည်ကို တွေ့ရှိရပါသည်။ ဤအုပ်စုတွင်ပါဝင်သော ကျူရှင်လခနှင့် သင်တန်းကြေးဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်နေကြောင်း တွေ့ရှိရပါသည်။

(ဋ) **ပြင်ပအစားအသောက်အုပ်စု**၏ ဈေးဆန္ဒန်းမှာ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ၌ ၁၃၉.၃၀ ရှိ၍ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လအခြေအနေ ၁၂၈.၂၂ နှင့်နှိုင်းယှဉ်ပါက ၈.၆၄% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုအတွင်းပါဝင်သော အကြော်စုံ၊ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ အသုပ်စုံ၊ ခေါက်ဆွဲကြော်/ ကြာဇံကြော်၊ ကြေးအိုး၊ ထမင်းနှင့်ဟင်း၊ ဒံပေါက်၊ လက်ဖက်ရည်၊ ကော်ဖီ၊ ရေခဲမုန့်၊ ကွမ်းယာ၊ လက်ဖက်အစို၊ နှစ်ပြန်ကြော်နှင့် အဆောင်ငှားရမ်းခဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်နေကြောင်း တွေ့ရှိရပါသည်။

(ဌ) **အထွေထွေကုန်ပစ္စည်းအုပ်စု**၏ ဈေးဆန္ဒန်းမှာ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ၌ ၁၅၂.၀၂ ရှိ၍ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လအခြေအနေ ၁၄၁.၉၁ နှင့်နှိုင်းယှဉ်ပါက ၇.၁၂% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင်ပါဝင်သော ကုန်ပစ္စည်းအများစုကို ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ဈေးနှုန်းများ မြင့်တက်လာခဲ့ရာ၌ ရွှေထည်ပစ္စည်းဈေးနှုန်းမှာ ၁၀.၆၇%၊ လက်ဝတ်ရတနာ ၁၀.၀၃%၊ ဆံပင်ညှပ်ခ(ကျား) ၆.၀၀%၊ ဆံပင်ညှပ်ခ(မ) ၅.၅၁%၊ ကိုယ်တိုက်ဆပ်ပြာ ၃.၄၁%၊ သွားတိုက်ဆေး ၁၀.၃၅% တို့ဖြင့် သိသာစွာ မြင့်တက်ခဲ့၍ ဖြစ်ပါသည်။

(ဍ) **အစားအစာမဟုတ်သောအုပ်စု**၏ ဈေးဆန္ဒန်းမှာ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ၌ ၁၄၃.၆၆ ရှိ၍ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ အခြေအနေ ၁၃၉.၇၅ နှင့်နှိုင်းယှဉ်ပါက ၂.၈၀% မြင့်တက်လာခဲ့ပါသည်။ အစားအစာမဟုတ်သောအုပ်စုတွင် ပါဝင်သောအုပ်စုများအနက် သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးအုပ်စု ကျဆင်းလာသည်မှလွဲ၍ ကျန်အုပ်စုများ၏ ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

## အပိုင်း(ဂ)

## စားသုံးသူဈေးဆန္နှုန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းအခြေအနေတင်ပြခြင်း

### ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆန္နှုန်းအခြေအနေတင်ပြခြင်း

၁။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် (၂၀၁၉ ခုနှစ်၊ ဩဂုတ်လမှ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လအထိ) တစ်နှစ်တာကာလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆန္နှုန်းကို လေ့လာပါက ၂၀၁၉ ခုနှစ်၊ ဇူလိုင်လတွင် ၁၅၈.၄၄ ရှိခဲ့ရာမှ တဖြည်းဖြည်း ပြန်လည်မြင့်တက်လာခဲ့ရာ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလတွင် ၁၆၁.၇၂ ဖြစ်ပေါ်ခဲ့ပါသည်။ သို့ရာတွင် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလမှစ၍ တဖြည်းဖြည်းကျဆင်းလာခဲ့ရာ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လတွင် ၁၆၀.၉၈ ဖြစ်ပေါ်ခဲ့ပါသည်။ သို့သော် ယခုလတွင် ၁၆၁.၁၄ ဖြစ်ပေါ်ခဲ့သဖြင့် ယခင်လနှင့်နှိုင်းယှဉ်ပါက အနည်းငယ် မြင့်တက်လာခဲ့ပါသည်။

၂။ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ဖြစ်ပေါ်ခဲ့သော စားသုံးသူဈေးဆန္နှုန်းများကိုကြည့်လျှင် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့ကြီး (၃) မြို့တို့တွင် ယခင်လနှင့်နှိုင်းယှဉ်ပါက ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးမြို့တို့တွင် ကျဆင်းလျက်ရှိပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များ အားလုံးတွင် မြင့်တက်နေသည်ကို တွေ့ရှိရပါသည်။ လအလိုက် ပြောင်းလဲမှုရာခိုင်နှုန်းအနေဖြင့် ဧရာဝတီတိုင်းဒေသကြီးတွင် ၁.၀၁% ဖြင့် အများဆုံး ပြောင်းလဲမှုဖြစ်ပေါ်နေပြီး ကယားပြည်နယ်တွင် (-၀.၇၀)% ဖြင့် အနည်းဆုံးပြောင်းလဲမှု ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိရပါသည်။


### ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း

၃။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် (၂၀၁၉ ခုနှစ်၊ ဩဂုတ်လမှ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လအထိ) တစ်နှစ်တာကာလအတွင်းဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံး၏ နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းကို လေ့လာပါက ၂၀၁၉ ခုနှစ်၊ ဇွန်လတွင် ၉.၅၁% ရှိခဲ့ရာမှ ဇူလိုင်တွင် လျှပ်စစ်ဓာတ်အားခနှုန်းထားများ မြင့်တက်လာခြင်းကြောင့် ငွေကြေးဖောင်းပွမှုနှုန်းမှာ ၁၀.၈၇% သို့ ဆက်လက် မြင့်တက်လာခဲ့ပါသည်။ သို့ရာတွင် ၂၀၁၉ ခုနှစ်၊ ဩဂုတ်လမှစ၍ ကုန်စည်ဈေးနှုန်းတက်နှုန်းများမှာ ယခင်နှစ်အလားတူကာလများနှင့် နှိုင်းယှဉ်ပါက တဖြည်းဖြည်း ပြန်လည်လျော့နည်းလာရာ နိုဝင်ဘာလအထိ လျော့နည်းခဲ့ပါသည်။ သို့သော် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလတွင် ၉.၄၅% သို့ ပြန်လည်

မြင့်တက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလမှစ၍ တိုးနှုန်းဆက်တိုက် ကျဆင်းလာခဲ့ရာ ဇူလိုင်လတွင် ၁.၇၀% ဖြစ်ပေါ်ခဲ့ပါသည်။

၄။ တစ်နိုင်ငံလုံးအတွက် ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆနှုန်းအပေါ် အခြေခံတွက်ချက်ထားသော ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လအထိ တစ်နှစ်ပျမ်းမျှ ၇.၁၄% ရှိ၍ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လအထိ တစ်နှစ်ပျမ်းမျှ ၇.၉၁% နှင့် နှိုင်းယှဉ်ပါက ၀.၇၇ လျော့နည်းလာကြောင်း တွေ့ရှိရပါသည်။ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လမှ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လအထိ ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းများကို လေ့လာပါက ၂၀၁၉ ခုနှစ်၊ ဇူလိုင်လတွင် ၈.၃၅% ရှိခဲ့ရာမှ တဖြည်းဖြည်းမြင့်တက်လာခဲ့ရာ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလတွင် ၈.၆၁% ဖြင့် အမြင့်ဆုံး ဖြစ်ပေါ်ခဲ့သော်လည်း ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလအတွင်း ကုန်ပစ္စည်းဈေးနှုန်းများ တက်နှုန်းနည်းခဲ့၍ ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း အနည်းငယ်လျော့နည်းခဲ့ပါသည်။ သို့ရာတွင် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလမှစ၍ ခရီးသွားရာသီဖြစ်၍ ခရီးသွားလာသူများပြားပြီး လောင်စာဆီဈေးနှုန်းများ မြင့်တက်ခဲ့ခြင်းနှင့် စားသုံးကုန်စည်ဈေးနှုန်းများ မြင့်တက်ခဲ့ခြင်းကြောင့် ဒီဇင်ဘာလတွင် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း အနည်းငယ်ပြန်လည်မြင့်တက်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လမှစ၍ လျှပ်စစ်ဓာတ်အားခနှုန်းထားများ တိုးမြှင့်သတ်မှတ်လိုက်ခြင်းကြောင့် စားသုံးသူဈေးဆနှုန်းတိုးနှုန်းအရှိန်များ မြင့်တက်လာပြီး ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလတွင် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ၉.၂၀% အထိ မြင့်တက်လာပါသည်။ သို့သော် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလမှစ၍ တိုးနှုန်းအရှိန် ပြန်လည်လျော့ကျလာခဲ့ရာ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လတွင် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ၇.၁၄% သို့ ရောက်ရှိခဲ့ပါသည်။

၂၀၂၀ ပြည့်နှစ် ဇူလိုင်လအတွင်း တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့ကြီး(၃)မြို့တွင် ဖြစ်ပေါ်နေသော ငွေကြေးဖောင်းပွမှုနှုန်းများ



၅။ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် မြို့ကြီး (၃) မြို့၏ စားသုံးသူဈေးဆနှုန်းနှင့် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းကို ဇယား (၂) ဖြင့် တင်ပြထားပါသည်။ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လအတွင်း ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ရေဝတီတိုင်းဒေသကြီးတွင် ၁၂.၂၄% ဖြင့် ပထမအမြင့်ဆုံး၊ မန္တလေးမြို့တွင် ၁၁.၃၃% ဖြင့် ဒုတိယအမြင့်ဆုံး၊ နေပြည်တော်တွင် ၈.၄၆% ဖြင့် တတိယအမြင့်ဆုံး အသီးသီးဖြစ်ပေါ်လျက်ရှိပါသည်။ နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းမှာ ရေဝတီတိုင်းဒေသကြီးတွင် ၇.၀၈% ဖြင့် ပြောင်းလဲမှုရာခိုင်နှုန်း အများဆုံးဖြစ်ပေါ်ခဲ့ပြီး မွန်ပြည်နယ်တွင် (-၄.၄၆)% ဖြင့် ပြောင်းလဲမှုရာခိုင်နှုန်း အနည်းဆုံး ဖြစ်ပေါ်ခဲ့ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

## သုံးသပ်တင်ပြချက်

၆။ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လတွင် ဖြစ်ပေါ်ခဲ့သော ကုန်ပစ္စည်းဈေးနှုန်းပြောင်းလဲမှု အခြေအနေများကို အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်-

(က) ယခုလအတွင်း ဖြစ်ပေါ်နေသော ဆန်ဈေးနှုန်းများကို ယခင်လနှင့် နှိုင်းယှဉ်ပါက အနည်းငယ် မြင့်တက်လျက်ရှိနေသည်ကို တွေ့ရှိရပါသည်။ နယ်စပ်သို့ ပြန်လည်တင်ပို့မှုများ ရှိလာခြင်း၊ ကုန်သည်ပွဲစားများ အဝယ်လိုက်လာခြင်း၊ COVID-19 ကူးစက်ရောဂါ ဖြစ်ပွားမှုကာလဖြစ်၍ ပို့ဆောင်ဆက်သွယ်ရေး ဖြေလျှော့လိုက်ပြီဖြစ်သော်လည်း အချို့ဒေသများတွင် ဆန်ဝင်ရောက်မှုနှင့် တင်ပို့မှုများ နှောင့်နှေးလျက်ရှိခြင်း၊ ဝယ်လိုအားများနေခြင်းတို့ကြောင့် ဈေးနှုန်းများ အနည်းငယ်မြင့်တက်နေသည်ကို တွေ့ရှိရပါသည်။

(ခ) စားသုံးဆီအုပ်စုတွင်ပါဝင်သော ကုန်ကြမ်းဖြစ်သည့် မိုးနှမ်းစိုက်ပျိုးချိန်ဖြစ်၍ နှမ်းဈေးနှုန်းများကျဆင်းခြင်းနှင့် ဈေးကွက်တွင် အရောင်းအဝယ်အေးလျက်ရှိခြင်းများကြောင့် နှမ်းဆီဈေးနှုန်းများ ကျဆင်းလာပြီး အလားတူ စားအုန်းဆီဈေးနှုန်းလည်း ကျဆင်းလာပါသည်။ ပြည်ပစားအုန်းဆီ တင်သွင်းသည့် ဈေးနှုန်းများမှာ ယခင်လတွင် မက်ထရစ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၅၄.၂၅ ရှိခဲ့ရာမှ ယခုလတွင် အမေရိကန်ဒေါ်လာ ၅၉၂.၆၁ သို့ မြင့်တက်လာပါသည်။ အမေရိကန်ဒေါ်လာငွေလဲလှယ်နှုန်းများ ကျဆင်းလာခြင်း၊ ပြည်ပစားအုန်းဆီ ဈေးနှုန်းမြင့်တက်လာသော်လည်း ပြည်ပမှ စားအုန်းဆီ တင်သွင်းသည့်ပမာဏ တိုးမြင့်လာ

ခဲ့ခြင်း၊ ကုန်စည်စီးဆင်းမှု လမ်းကြောင်းပိတ်ထားခြင်းများ ပြန်လည် ဖြေလျော့ခဲ့ခြင်းနှင့် စျေးကွက်အတွင်းသို့ ကုန်ပစ္စည်းဝင်ရောက်မှု များပြားလာခြင်းတို့ကြောင့် ပြည်တွင်းစားအုန်းဆီစျေးနှုန်းမှာ ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

(ဂ) အသား၊ ငါး နှင့် ဥအုပ်စုတွင် ပါဝင်သော အသားစျေးနှုန်းများတွင် ပြည်ပမှ ကျွဲ၊ နွား၊ ဆိတ်ဝယ်ယူမှုများ ရှိနေခြင်းနှင့် ဆိတ်မွေးမြူသူရှားပါးလာခြင်းတို့ကြောင့် အမဲသားနှင့် ဆိတ်သားစျေးနှုန်းများ ယခင်လကထက် မြင့်မားနေသော်လည်း ဝက်သားစျေးနှုန်းမှာမူ ဝက်အပြင်းဖျားရောဂါများ ဖြစ်ပွားနေသည့်အတွက် စားသုံးမှုများလျော့ကျပြီး စျေးနှုန်းကျဆင်းလျက်ရှိပါသည်။ အသားစျေးနှုန်းများ မြင့်မားနေသဖြင့် စားသုံးမှုလျော့နည်းလာပြီး ငါးစားသုံးမှု ပိုမိုများပြားခြင်း၊ အချို့ဒေသများတွင် ငါးဖမ်းဆီးရရှိမှု နည်းပါးလာခြင်းနှင့် ငါးမွေးမြူစရိတ် မြင့်မားလာခြင်းတို့ကြောင့် ငါးစျေးနှုန်းများ မြင့်တက်နေသော်လည်း ငါးမြစ်ချင်းစျေးနှုန်းမှာမူ ကျဆင်းလာသည်ကို တွေ့ရှိရပါသည်။ ဘဲဥအထွက်နှုန်းများလာသောကြောင့် ဘဲဥစျေးနှုန်းမှာလည်း ဆက်လက် ကျဆင်းလာသည်ကို တွေ့ရှိရပါသည်။

(ဃ) မိုးဦးကာလ စိုစွတ်သည့်အချိန်ဖြစ်၍ ရာသီပေါ်သီးနှံဖြစ်သော ကန်စွန်းရွက်၊ ချဉ်ပေါင်ရွက်နှင့် ပဲတောင့်ရှည်သီးစျေးနှုန်းများ ကျဆင်းနေပါသည်။ သို့သော် ဂေါ်ဖီထုပ်နှင့် ခရမ်းချဉ်သီးစျေးနှုန်းမှာ အထွက်နှုန်းနည်းချိန်ဖြစ်ခြင်း ဒေသအလိုက် စျေးကွက်အတွင်း ကုန်ပစ္စည်းဝင်ရောက်မှု နည်းပါးနေခြင်းနှင့် ဝယ်လိုအားမြင့်တက်ခြင်းတို့ကြောင့် စျေးနှုန်းများ သိသိသာသာ မြင့်တက်နေပါသည်။ အလားတူ ဘူးသီးနှင့် ခရမ်းသီးစျေးနှုန်းများမှာလည်း မြင့်တက်နေသည်ကို တွေ့ရှိရပါသည်။

(င) စားဖိုဆောင်သီးနှံဖြစ်သော ကြက်သွန်ဖြူနှင့် ကြက်သွန်နီစျေးနှုန်းမှာ ကြက်သွန်များ လက်လီရောင်းချမှုများသာ အားထားနေရပြီး လက်ကားရောင်းဝယ်မှု နည်းနေခြင်း၊ နယ်စပ်တင်ပို့မှုများလျော့နည်းခြင်းတို့ကြောင့် စျေးနှုန်းများ သိသိသာသာ ကျဆင်းလာသည်ကို တွေ့ရှိရပါသည်။ အလားတူကုလားပဲနှင့် အာလူးစျေးနှုန်းများ အနည်းငယ် ကျဆင်းလာပါသည်။

(စ) ယခုလတွင် ဖြစ်ပေါ်ခဲ့သော ရွှေစျေးနှုန်းမှာ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ၁၁၇၇၃၆၆.၆၆ ကျပ်ဖြစ်သဖြင့် လွန်ခဲ့သောနှစ်နှင့်နှိုင်းယှဉ်ပါက ၁၀.၆၇% မြင့်

တက်လျက်ရှိသကဲ့သို့ လွန်ခဲ့သောလကထက်လည်း ၂.၉၃% မြင့်တက်လာပါသည်။ ကမ္ဘာ့ရွှေဈေးနှုန်းမှာ ယခင်လတွင် တစ်ထရိုင်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၇၃၄.၉၂ ရှိရာမှ ၁၈၃၄.၆၄ သို့ ၅.၇၅% မြင့်တက်ခဲ့ပါသည်။ ကမ္ဘာ့ရွှေဈေးနှုန်း မြင့်တက်လာသည့်နည်းတူ မြန်မာ့ရွှေဈေးနှုန်းမှာ လိုက်ပါမြင့်တက်လျက်ရှိပါသည်။

(ဆ) ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လအတွင်း ဖြစ်ပေါ်ခဲ့သော လောင်စာဆီဈေးနှုန်းများမှာ ပြည်ပမှတင်သွင်းရာ၌ ဒီဇယ်ဆီတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၄၅.၄၆ မှ ၄၉.၅၄ သို့ လည်းကောင်း၊ ဓာတ်ဆီတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၄၁.၈၈ မှ ၄၄.၅၄ သို့လည်းကောင်း မြင့်တက်လာပါသည်။ ပြည်ပမှတင်သွင်းသည့် လောင်စာဆီဈေးနှုန်းများ မြင့်တက်လာသည့်အတွက် ပြည်တွင်းလောင်စာဆီဈေးနှုန်းမှာ လိုက်ပါမြင့်တက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

၇။ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လအတွင်း အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲလှယ်နှုန်းမှာလည်း ယခင်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်ပါက တစ်ဒေါ်လာလျှင် ၁၃၂ ကျပ် ကျဆင်းလာပြီး ယခင်လနှင့်နှိုင်းယှဉ်လျှင် ၂၄ ကျပ်ခန့် ကျဆင်းနေသည်ကို တွေ့ရှိရပါသည်။

၈။ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လတွင် ဆန်ဝင်ရောက်မှုနှင့် တင်ပို့မှုများသည် အချို့ဒေသများ၌ နှောင့်နှေးလျက်ရှိခြင်း၊ ဝယ်လိုအားများနေခြင်းနှင့် ကုန်သည်ပွဲစားများ အဝယ်လိုက်လာခြင်းတို့ကြောင့် ဆန်ဈေးနှုန်းများ အနည်းငယ် မြင့်တက်လာပါသည်။ ထို့အပြင် ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းများ မြင့်တက်လာခြင်းကြောင့် ပြည်ပမှတင်သွင်းသော လောင်စာဆီဈေးနှုန်းများ မြင့်တက်လာခြင်း၊ COVID-19 ဖြစ်ပွားနေချိန်ကာလ ဖြစ်သော်လည်း ခရီးသွားလာမှု ကန့်သတ်ချက်များ ဖြေလျော့ထားခြင်းများ ရှိလာသဖြင့် လောင်စာဆီသုံးစွဲမှု အနည်းငယ်မြင့်တက်လာ၍ ပြည်တွင်းလောင်စာဆီဈေးနှုန်းများလည်း အနည်းငယ်မြင့်တက်လာခြင်း၊ ကမ္ဘာ့ရွှေဈေးနှုန်း စံချိန်တင်မြင့်တက်လာခြင်းနှင့်အတူ ပြည်တွင်းရွှေဈေးနှုန်းများ မြင့်တက်လာခြင်းတို့ကြောင့် စားသုံးသူဈေးဆနှုန်းမှာ မြင့်တက်လာခဲ့ပါသည်။

# ဇယား (၁) တစ်နိုင်ငံလုံး၏ အုပ်စုအလိုက် စားသုံးသူဈေးဆန်နှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀

| COICOP Code | အုပ်စုအမည် | အလေးပေး ရာခိုင်နှုန်း | ၂၀၁၉ ခုနှစ် | ၂၀၂၀ ပြည့်နှစ် | | ယခင်လနှင့် နှိုင်းယှဉ်လျှင် ပြောင်းလဲသည့် ရာခိုင်နှုန်း | နှစ်အလိုက် ငွေကြေး ဖောင်းပွမှုနှုန်း | ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်း (၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ အထိ) |
|---|---|---|---|---|---|---|---|---|
| | | | ဇူလိုင်လ | ဇွန်လ | ဇူလိုင်လ | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) |
| **(က)** | **စုစုပေါင်းစားသုံးသူဈေးဆန်နှုန်း** | **၁၀၀.၀၀** | **၁၅၈.၄၄** | **၁၆၀.၉၈** | **၁၆၁.၁၄** | **၀.၁၀** | **၁.၇၀** | **၇.၁၄** |
| **၀၁** | **အစားအစာအုပ်စု** | **၅၈.၄၆** | **၁၇၁.၇၃** | **၁၇၃.၅၂** | **၁၇၃.၅၇** | **၀.၀၃** | **၁.၀၇** | **၅.၆၉** |
| | **အစားအစာမဟုတ်သောအုပ်စု** | **၄၁.၅၄** | **၁၃၉.၇၅** | **၁၄၃.၃၄** | **၁၄၃.၆၆** | **၀.၂၂** | **၂.၈၀** | **၉.၇၂** |
| ၀၂ | ဆေးလိပ်နှင့်အဖျော်ယမကာ | ၁.၆၅ | ၁၅၀.၉၀ | ၁၅၉.၈၄ | ၁၅၇.၁၃ | -၁.၆၉ | ၄.၁၃ | ၉.၅၆ |
| ၀၃ | အဝတ်အထည် | ၃.၂၄ | ၁၂၆.၆၇ | ၁၃၀.၁၅ | ၁၃၀.၃၀ | ၀.၁၂ | ၂.၈၇ | ၄.၀၂ |
| ၀၄ | အိမ်လခနှင့်အိမ်ပြင်ခ | ၈.၀၈ | ၁၉၃.၁၁ | ၂၀၀.၀၈ | ၂၀၀.၇၆ | ၀.၃၄ | ၃.၉၆ | ၂၈.၁၇ |
| ၀၅ | အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ် | ၂.၃၄ | ၁၂၈.၄၀ | ၁၃၃.၇၄ | ၁၃၄.၂၆ | ၀.၄၀ | ၄.၅၇ | ၅.၉၇ |
| ၀၆ | ကျန်းမာရေး | ၂.၁၃ | ၁၅၃.၄၈ | ၁၆၂.၂၃ | ၁၆၂.၄၃ | ၀.၁၃ | ၅.၈၄ | ၇.၈၄ |
| ၀၇ | သယ်ယူပို့ဆောင်ရေး | ၁၀.၁၄ | ၁၁၃.၆၆ | ၁၀၇.၄၅ | ၁၀၇.၉၀ | ၀.၄၂ | -၅.၀၇ | -၁.၆၈ |
| ၀၈ | ဆက်သွယ်ရေး | ၁.၆၂ | ၁၀၁.၅၃ | ၁၀၁.၂၆ | ၁၀၁.၂၅ | -၀.၀၁ | -၀.၂၇ | -၀.၄၄ |
| ၀၉ | အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှု | ၁.၀၃ | ၁၂၁.၅၃ | ၁၂၃.၆၀ | ၁၂၃.၈၇ | ၀.၂၁ | ၁.၉၂ | ၈.၉၁ |
| ၁၀ | ပညာရေး | ၂.၁၅ | ၁၃၈.၃၇ | ၁၄၀.၀၄ | ၁၄၀.၀၄ | ၀.၀၀ | ၁.၂၁ | ၃.၈၄ |
| ၁၁ | ပြင်ပအစားအသောက် | ၅.၉၆ | ၁၂၈.၂၂ | ၁၃၉.၆၂ | ၁၃၉.၃၀ | -၀.၂၃ | ၈.၆၄ | ၇.၂၃ |
| ၁၂ | အထွေထွေကုန်ပစ္စည်း | ၃.၂၁ | ၁၄၁.၉၁ | ၁၄၉.၈၇ | ၁၅၂.၀၂ | ၁.၄၄ | ၇.၁၂ | ၉.၀၈ |
| **(ခ)** | **အစားအစာနှင့် လောင်စာဆီ မပါဝင်သော စားသုံးသူ ဈေးဆန်နှုန်း(Core CPI)** | **၃၂.၆၃** | **၁၃၇.၅၆** | **၁၄၄.၉၀** | **၁၄၅.၀၁** | **၀.၀၇** | ***၅.၄၂** | ***၁၂.၆၈** |

*** အစားအစာနှင့် လောင်စာဆီ မပါဝင်သော ငွေကြေးဖောင်းပွမှုနှုန်း(Core Inflation)**

## ဇယား(၂) တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း
## (၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀


| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | အလေးပေးရာခိုင်နှုန်း | ၂၀၁၉ ခုနှစ် | ၂၀၂၀ ပြည့်နှစ် | | ယခင်လနှင့်နှိုင်းယှဉ်လျှင် ပြောင်းလဲသည့် ရာခိုင်နှုန်း | နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်း | ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ အထိ) |
|---|---|---|---|---|---|---|---|---|
| | | | ဇူလိုင်လ | ဇွန်လ | ဇူလိုင်လ | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) |
| ၁ | ကချင်ပြည်နယ် | ၃.၀၁ | ၁၅၄.၃၀ | ၁၅၈.၂၂ | ၁၅၈.၅၀ | ၀.၁၇ | ၂.၇၂ | ၃.၆၁ |
| ၂ | ကယားပြည်နယ် | ၀.၅၂ | ၁၅၈.၀၅ | ၁၅၈.၁၃ | ၁၅၇.၀၂ | -၀.၇၀ | -၀.၆၅ | ၅.၂၉ |
| ၃ | ကရင်ပြည်နယ် | ၃.၁၃ | ၁၄၂.၆၁ | ၁၄၆.၃၉ | ၁၄၇.၈၄ | ၀.၉၉ | ၃.၆၇ | ၆.၀၈ |
| ၄ | ချင်းပြည်နယ် | ၀.၇၄ | ၂၀၈.၁၀ | ၂၀၆.၄၅ | ၂၀၆.၂၀ | -၀.၁၂ | -၀.၉၂ | ၃.၉၄ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၁.၁၂ | ၁၅၈.၃၂ | ၁၅၄.၈၈ | ၁၅၃.၉၇ | -၀.၅၈ | -၂.၇၄ | ၆.၂၈ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၂.၈၅ | ၁၃၈.၇၃ | ၁၄၀.၁၈ | ၁၃၉.၂၃ | -၀.၆၇ | ၀.၃၆ | ၄.၉၄ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၈.၈၄ | ၁၅၃.၄၉ | ၁၅၉.၄၈ | ၁၅၉.၂၂ | -၀.၁၆ | ၃.၇၄ | ၇.၇၃ |
| ၈ | မကွေးတိုင်းဒေသကြီး | ၇.၃၄ | ၁၆၇.၅၉ | ၁၇၀.၀၆ | ၁၇၀.၅၂ | ၀.၂၇ | ၁.၇၅ | ၈.၀၇ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁၁.၀၉ | ၁၅၁.၉၇ | ၁၅၄.၈၅ | ၁၅၄.၅၆ | -၀.၁၈ | ၁.၇၀ | ၈.၁၅ |
| ၁၀ | မွန်ပြည်နယ် | ၅.၁၄ | ၁၅၃.၈၇ | ၁၄၆.၁၉ | ၁၄၇.၀၁ | ၀.၅၇ | -၄.၄၆ | ၃.၃၀ |
| ၁၁ | ရခိုင်ပြည်နယ် | ၄.၄၃ | ၁၉၆.၁၂ | ၁၉၃.၉၉ | ၁၉၃.၃၂ | -၀.၃၄ | -၁.၄၃ | ၃.၅၉ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၇.၄၈ | ၁၄၇.၅၄ | ၁၅၁.၅၈ | ၁၅၁.၀၀ | -၀.၃၈ | ၂.၃၅ | ၈.၁၀ |
| ၁၃ | ရှမ်းပြည်နယ် | ၉.၁၂ | ၁၆၅.၉၄ | ၁၆၇.၉၈ | ၁၆၈.၅၈ | ၀.၃၆ | ၁.၅၉ | ၅.၀၇ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၉.၉၁ | ၁၆၁.၈၅ | ၁၇၁.၅၈ | ၁၇၃.၃၁ | ၁.၀၁ | ၇.၀၈ | ၁၂.၂၄ |
| ၁၅ | ပြည်ထောင်စုနယ်မြေ | ၁.၄၁ | ၁၄၄.၃၇ | ၁၄၆.၉၇ | ၁၄၈.၄၅ | ၁.၀၀ | ၂.၈၂ | ၈.၁၉ |
| ၁၆ | ရန်ကုန်မြို့ | ၁၀.၆၁ | ၁၅၈.၂၃ | ၁၆၂.၉၇ | ၁၆၃.၅၇ | ၀.၃၆ | ၃.၃၇ | ၇.၂၁ |
| ၁၇ | မန္တလေးမြို့ | ၂.၅၈ | ၁၅၆.၁၁ | ၁၆၁.၆၈ | ၁၆၀.၈၁ | -၀.၅၄ | ၃.၀၁ | ၁၁.၃၃ |
| ၁၈ | နေပြည်တော် | ၀.၆၉ | ၁၅၂.၁၈ | ၁၄၉.၄၁ | ၁၄၉.၇၃ | ၀.၂၁ | -၁.၆၁ | ၈.၄၆ |
| | **တစ်နိုင်ငံလုံး** | **၁၀၀.၀၀** | **၁၅၈.၄၄** | **၁၆၀.၉၈** | **၁၆၁.၁၄** | **၀.၁၀** | **၁.၇၀** | **၇.၁၄** |

## ဇယား(၃)အဓိကကျသောကုန်ပစ္စည်းများ၏လက်လီဈေးနှုန်းပြောင်းလဲမှုများ
## (၂၀၂၀ ပြည့်နှစ် ဇူလိုင်လ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀


| အမှတ်စဉ် | ကုန်ပစ္စည်း | အမျိုးအစား | အချိန်အတွယ် | ၂၀၂၀ ပြည့်နှစ် ဇွန်လ (ကျပ်) | ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ (ကျပ်) | ၂၀၁၉ ခုနှစ် ဇူလိုင်လ (ကျပ်) | ယခင်လနှင့်နှိုင်းယှဉ် လျှင်ပြောင်းလဲသည့် % | ယခင်နှစ်အလားတူလနှင့်နှိုင်းယှဉ် လျှင်ပြောင်းလဲသည့် % |
|---|---|---|---|---|---|---|---|---|
| ၁ | ဆန် | ဧည့်မထ (၁၅%) | ပြည် | ၁၅၂၁.၈၅ | ၁၅၂၅.၃၇ | ၁၅၁၀.၂၉ | ၀.၂၃ | ၁.၀၀ |
| ၂ | မြေပဲဆီ | ပြည်တွင်း | ပိဿာ | ၆၈၆၆.၉၀ | ၆၈၇၁.၅၃ | ၆၅၉၇.၂၈ | ၀.၀၇ | ၄.၁၆ |
| ၃ | နှမ်းဆီ | ပြည်တွင်း | ။ | ၆၈၀၇.၈၁ | ၆၇၈၁.၂၅ | ၆၆၁၇.၁၉ | -၀.၃၉ | ၂.၄၈ |
| ၄ | စားအုန်းဆီ | နိုင်ငံခြား | ။ | ၂၀၆၀.၄၁ | ၂၀၄၉.၅၉ | ၂၀၀၇.၈၁ | -၀.၅၃ | ၂.၀၈ |
| ၅ | ကြက်သား | အကောင်လိုက် | ပိဿာ | ၇၈၃၅.၄၅ | ၇၆၄၁.၄၂ | ၇၆၂၇.၀၀ | -၂.၄၈ | ၀.၁၉ |
| ၆ | ဝက်သား | ပေါင်သား | ။ | ၁၀၅၃၄.၁၁ | ၁၀၃၃၁.၄၄ | ၉၅၁၄.၅၃ | -၁.၉၂ | ၈.၅၉ |
| ၇ | အမဲသား | အရိုးလွတ် | ။ | ၁၄၅၅၉.၀၇ | ၁၄၅၉၃.၉၅ | ၁၃၇၇၄.၄၂ | ၀.၂၄ | ၅.၉၅ |
| ၈ | ဘဲဥ | အလတ်စား | ၁၀လုံး | ၁၆၉၈.၅၂ | ၁၆၈၄.၈၁ | ၁၉၁၉.၁၈ | -၀.၈၁ | -၁၂.၂၁ |
| ၉ | ကြက်ဥ | ။ | ။ | ၁၁၈၆.၄၇ | ၁၁၈၈.၆၃ | ၁၄၄၉.၃၂ | ၀.၁၈ | -၁၇.၉၉ |
| ၁၀ | ငါးခူ | အလတ်စားအရွယ် | ပိဿာ | ၉၈၅၆.၇၆ | ၁၀၂၆၀.၅၄ | ၉၆၇၁.၁၁ | ၄.၁၀ | ၆.၀၉ |
| ၁၁ | ငါးရံ့ | ။ | ။ | ၉၅၈၀.၃၀ | ၉၈၅၈.၀၈ | ၉၂၀၆.၇၄ | ၂.၉၀ | ၇.၀၇ |
| ၁၂ | ငါးမြစ်ချင်း | ။ | ။ | ၅၅၆၅.၀၇ | ၅၄၉၃.၈၉ | ၅၃၃၈.၃၉ | -၁.၂၈ | ၂.၉၁ |
| ၁၃ | ပုစွန်ခြောက် | ။ | ။ | ၃၄၅၈၃.၆၈ | ၃၄၇၄၂.၆၈ | ၃၃၁၁၇.၀၂ | ၀.၄၆ | ၄.၉၁ |
| ၁၄ | ငါးရံ့ခြောက် | ။ | ။ | ၃၃၈၄၅.၄၅ | ၃၃၉၆၅.၀၇ | ၃၁၉၆၉.၁၂ | ၀.၃၅ | ၆.၂၄ |
| ၁၅ | ရေကျိုငါးပိ | သုံးဦးစပ် | ပိဿာ | ၃၄၉၇.၈၃ | ၃၄၈၃.၄၈ | ၃၃၄၆.၉၀ | -၀.၄၁ | ၄.၀၈ |
| ၁၆ | ခရမ်းချဉ်သီး | | ။ | ၁၀၃၁.၆၉ | ၁၂၆၆.၆၇ | ၁၆၆၀.၂၉ | ၂၂.၇၈ | -၂၃.၇၁ |
| ၁၇ | ကုလားပဲခြမ်း | | ။ | ၂၃၁၄.၂၄ | ၂၃၀၆.၈၃ | ၂၃၈၀.၉၇ | -၀.၃၂ | -၃.၁၁ |
| ၁၈ | အာလူး | အလတ်စားအရွယ် | ။ | ၁၁၁၈.၉၀ | ၁၁၁၀.၆၃ | ၁၁၈၂.၁၃ | -၀.၇၄ | -၆.၀၅ |
| ၁၉ | ကြက်သွန်ဖြူ | ဥတစ်လုံး | ။ | ၃၃၇၈.၅၂ | ၃၀၉၄.၄၄ | ၃၄၁၀.၉၀ | -၈.၄၁ | -၉.၂၈ |
| ၂၀ | ကြက်သွန်နီ | ဥကြီး | ။ | ၉၀၉.၀၂ | ၈၂၈.၆၃ | ၁၁၂၇.၈၀ | -၈.၈၄ | -၂၆.၅၃ |
| ၂၁ | လုံချည် | ၂/၆၄-ကျားဝတ် | ထည် | ၅၄၉၅.၁၀ | ၅၅၀၁.၇၂ | ၅၂၉၈.၂၃ | ၀.၁၂ | ၃.၈၄ |
| ၂၂ | သားရေဖိနပ် | အလတ်စား | ရံ | ၅၅၈၂.၉၅ | ၅၅၈၇.၃၀ | ၅၄၀၈.၉၇ | ၀.၀၈ | ၃.၃၀ |
| ၂၃ | ရွှေထည်ပစ္စည်း | ၁၅ပဲရည် | ကျပ်သား | ၁၁၄၃၈၁၁.၅၄ | ၁၁၇၇၃၄၄.၄၄ | ၁၀၆၃၈၂၉.၉၉ | ၂.၉၃ | ၁၀.၆၇ |
| ၂၄ | ထင်း | | ပိဿာ | ၃၇၁.၆၆ | ၃၇၃.၁၈ | ၃၄၆.၉၈ | ၀.၄၁ | ၇.၅၅ |
| ၂၅ | မီးသွေး | | ။ | ၇၀၁.၅၁ | ၇၀၃.၂၃ | ၆၇၄.၈၉ | ၀.၂၅ | ၄.၂၀ |
| ၂၆ | ဖယောင်းတိုင် | ၃၂-တိုင် | ထုပ် | ၄၅၂.၈၅ | ၄၅၃.၂၂ | ၄၄၀.၃၅ | ၀.၀၈ | ၂.၉၂ |
| ၂၇ | ဘတ်စ်ကားခ | မြို့တွင်း | - | ၁၂၄၂.၆၉ | ၁၂၄၂.၆၉ | ၁၁၀၅.၈၅ | ၀.၀၀ | ၁၂.၃၇ |
| ၂၈ | ဒီဇယ်ဆီ | | ဂါလန် | ၂၆၉၈.၆၆ | ၂၇၄၆.၃၇ | ၄၃၆၃.၉၁ | ၁.၇၇ | -၃၇.၀၇ |
| ၂၉ | ဓာတ်ဆီ | | ဂါလန် | ၂၅၃၂.၇၆ | ၂၆၀၇.၀၁ | ၄၀၂၆.၃၃ | ၂.၉၃ | -၃၅.၂၅ |

## ဇယား(၄)တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆနှုန်းပုံပြကားချပ်




| အကြောင်းအရာ | ၂၀၁၉ ခုနှစ် | | | | | | ၂၀၂၀ ပြည့်နှစ် | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် |
| စားသုံးသူဈေးဆနှုန်း (CPI) | ၁၅၈.၄၄ | ၁၅၉.၁၂ | ၁၅၉.၈၅ | ၁၆၀.၅၈ | ၁၆၁.၂၆ | ၁၆၁.၇၂ | ၁၆၁.၃၃ | ၁၆၁.၂၉ | ၁၆၀.၀၆ | ၁၆၀.၀၀ | ၁၆၀.၁၂ | ၁၆၀.၉၈ | ၁၆၁.၁၄ |
| စားသုံးသူဈေးဆနှုန်း (Core CPI) | ၁၃၇.၅၆ | ၁၃၈.၂၅ | ၁၃၉.၁၂ | ၁၃၉.၇၄ | ၁၄၀.၃၈ | ၁၄၁.၂၂ | ၁၄၂.၀၇ | ၁၄၂.၉၇ | ၁၄၂.၈၂ | ၁၄၂.၉၂ | ၁၄၃.၈၇ | ၁၄၄.၉၀ | ၁၄၅.၀၁ |

## ဇယား(၅)တစ်နိုင်ငံလုံး၏ငွေကြေးဖောင်းပွမှုနှုန်းပုံပြကားချပ်




| အကြောင်းအရာ | ၂၀၁၉ ခုနှစ် | | | | | | ၂၀၂၀ ပြည့်နှစ် | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် |
| နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း (Year on Year Inflation) | ၁၀.၈၇ | ၁၀.၃၇ | ၉.၅၁ | ၈.၇၂ | ၈.၂၆ | ၉.၄၅ | ၉.၀၉ | ၈.၃၆ | ၆.၆၁ | ၅.၂၄ | ၄.၂၁ | ၄.၁၆ | ၁.၇၀ |
| နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း (Core Inflation) | ၁၄.၁၄ | ၁၃.၈၇ | ၁၃.၅၈ | ၁၃.၂၅ | ၁၃.၂၅ | ၁၃.၂၆ | ၁၃.၄၈ | ၁၃.၆၀ | ၁၃.၂၀ | ၁၂.၉၁ | ၁၃.၀၁ | ၁၃.၃၇ | ၅.၄၂ |